# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကော့ကရိတ်ခရိုင်၊ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၂၀၂၂ – ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

## ရန်ကုတ်ကျေးရွာအုပ်စု

## ဆိပ်ဖူးကုန်းကျေးရွာ၊ ကော့ကရိတ်မြို့နယ်


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရန်ကုတ်ကျေးရွာအုပ်စု၊ဆိပ်ဖူးကုန်းကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)



၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ


## <u>မာတိကာ</u>

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ ရာသီခွင်ပြ – ပြက္ကဒိန် (Seasonal Calendar)<br>၆.၃။ ဥစ္စာနေကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။ | |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။ | |

ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

၁။


| | |
|---|---|
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၃ (PC – 3) |
| ၁၂။ | ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ် – |

# ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



ကျေးရွာအုပ်စုအခြေပြမြေပုံ (ရန်ကုတ်ကျေးရွာအုပ်စု)

၂။




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုတ် | ၂၆၄ | ၅၇၁ | ၆၅၀ | ၁၂၂၁ |
| ၂။ | ကမ္မရာ | ၃၁၁ | ၉၁၈ | ၉၂၃ | ၁၈၄၁ |
| ၃။ | ဆိပ်ဖူးကုန်း | ၂၁၄ | ၅၆၃ | ၅၁၀ | ၁၀၇၃ |
| ၄။ | ကောင်းမှူ | ၃၅ | ၆၉ | ၈၃ | ၁၅၂ |
| ၅။ | ဇော်ဟဲ | ၈၀ | ၁၈၅ | ၁၈၁ | ၃၆၆ |
| ၆။ | နောင်နိုင်း | ၂၂၃ | ၇၃၇ | ၇၄၄ | ၁၄၈၁ |
| ၇။ | နန်းဆွေမိတ် | ၇၃ | ၂၃၅ | ၂၀၄ | ၄၃၉ |
| ၈။ | လှိုင်စိမ်း | ၁၀၅ | ၂၅၄ | ၂၃၀ | ၄၈၄ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

ဆိပ်ဖူးကုန်းကျေးရွာကို သက္ကရာဇ် (၁၂၅၀)ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာတွင်း၌ ဆိပ်ဖူးပင်များစွာပေါက်ရောက်နေသောကြောင့် ဆိပ်ဖူးကုန်း ကျေးရွာဟုခေါ်တွင် ခဲ့ပါသည်။ ကျေးရွာအားစတင်တည်ထောင်သူများမှာ ဦးမောင်ငွေး၊

ဦးအောင်ရင်၊ ဦးကူလေ၊ ဦးစိန်ခင်ကြီးတို့ဖြစ်ပါသည်။ ကျေးရွာရှိဘုန်းကြီးကျောင်းကို သက္ကရာဇ် (၁၃၀၅)ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။

### ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။

ဆိပ်ဖူးကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၇၄)စုရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သောလူဦးရေမှာ အမျိုးသား (၅၉၄)ဦးနှင့် အမျိုးသမီး (၅၃၂)ဦး စုစုပေါင်း (၁၁၂၆)ဦးရှိပါသည်။ အမျိုးသားဦးဆောင်သောအိမ်ထောင်စု ၁၄၇ စုနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၂၇ စုရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ (၄.၃.၂၀၂၀)ရက်နေ့တွင် ကောက်ယူထားသော စာရင်း ဖြစ်ပါသည်။

### ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ဆိပ်ဖူးကုန်းကျေးရွာတွင်နေထိုင်သောလူမျိုးများမှာ ကရင်လူမျိုးများဖြစ်ပါသည်။ အိမ်ထောင်စု (၁၇၄)စုလုံးသည် ကရင်လူမျိုးများဖြစ်ပါသည်။

### ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ဆိပ်ဖူးကုန်းကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ်နှင့် အထက်) (၄၅) ဦးနှင့် မသန်းစွမ်း (၁၀)ဦး ရှိပါသည်။

### ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

ဆိပ်ဖူးကုန်းကျေးရွာတွင် မူကြိုကျောင်း (၁) ကျောင်း၊ မူလတန်းကျောင်း (၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် ဘုရားစေတီတို့ရှိပါသည်။

### ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ဆိပ်ဖူးကုန်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာစိုက်ပျိုးခြင်းနှင့် ရာဘာခြံလုပ်ငန်းတို့အဓိကလုပ်ကိုင်ကြသည်။

### ၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။

လယ်ယာမြေ၊ ရာဘာခြံ၊ လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ ဆိုင်ကယ်၊ ကား၊ ဘောလုံးကွင်း၊ နွား၊ အပ်ချုပ်စက်၊ တီဗွီနှင့် ဖုန်းတို့ပိုင်ဆိုင်ကြပါသည်။

### ၄.၈။ အခြားသတင်းအချက်အလက်များ။

ကျေးရွာတွင်းရှိအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ မိန်းမကြီးအဖွဲ့၊ ဂေါပက၊ ကျောင်းကော်မတီ၊ သာရေး/နာရေးအဖွဲ့၊ ငွေစု/ချေးအဖွဲ့တို့သည် ကျေးရွာလူထုဖြင့်ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ပါသည်။

ကျေးရွာပြင်ပတွင်ရှိသော အဖွဲ့အစည်း သို့မဟုတ် ဌာနများနှင့်လည်းချိတ်ဆက်မှုရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ထွေ/အုပ်နှင့် KNU, KNU/KNLA/PC ၊ ကျောင်းကော်မတီသည်

မြို့နယ်ပညာရေးဌာန၊ ငွေစု/ချေးအဖွဲ့သည် KWEG တို့နှင့်ချိတ်ဆက်မှုရှိပြီး အခြားအဖွဲ့အစည်းများဖြစ်သော Phase–M တို့နှင့်ချိတ်ဆက်ပါသည်။

အထူးသဖြင့်ချိတ်ဆက်မှု အများဆုံးမှာ DRD (လူထုဗဟိုပြုစီမံကိန်း) နှင့်ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်းနှင့် ဆက်စပ်၍ မြန်မာ့စီးပွားရေး ဘဏ်နှင့်လည်း ချိတ်ဆက်မှုရှိလာပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့် အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၄၄ | ၆၆ | ၁၁ဝ | ဝင်ငွေရလုပ်ငန်းများ၊ ကျေးရွာရှိအရင်းအမြစ်များ၊ သောက်သုံးရေနှင့် လမ်းပန်းဆင်သွယ်ရေးတို့ဖြစ်သည်။ |
| ၂ | **ရာသီခွင်ပြ – ပြက္ခဒိန်** | ၄၄ | ၆၆ | ၁၁ဝ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေရလုပ်ငန်း၊ သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်နှင့် ပွဲတော်ရက်တို့ဖြစ်ပါသည်။ |
| ၃ | **ဉစ္စာခနေကြွယ်ဝမှုအဆင့်** | ၄၄ | ၆၆ | ၁၁ဝ | အဆင်မပြေသောအိမ်ထောင် |

| | | | | | |
|---|---|---|---|---|---|
| | | | | | စု (၆၃)စု၏ အလုပ်အကိုင်၊ ပညာရေးနှင့်ကျန်းမာရေးတို့ ဖြစ်ပါသည်။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | ၄၄ | ၆၆ | ၁၁၀ | အမျိုးသမီးများ၏ ပညာတတ်မြောက်မှု၊ ဝင်ငွေရလုပ်ငန်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျန်းမာရေး၊ လုံခြုံမှုနှင့် ခေါင်းဆောင်နိုင်မှု တို့ဖြစ်ပါသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | ၄၄ | ၆၆ | ၁၁၀ | အမျိုးသမီးများအသုံးပြုသော အရင်းအမြစ်များ၊ အမျိုးသားများအသုံးပြုသည့်အရင်းအမြစ်များ၊ အရင်းအမြစ်တို့ကို ထိန်းချုပ်မှုတို့ဖြစ်ပါသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၄၄ | ၆၆ | ၁၁၀ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများ၊ ကျေးရွာပြင်ပမှအဖွဲ့အစည်းများ၏ချိတ်ဆက်မှု အခြေအနေနှင့် ထိုအဖွဲ့အစည်းများမှ ဩဇာလွှမ်းသောအဖွဲ့အစည်းများတို့ဖြစ်ပါသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)




## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)




ပုံ.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



**ဖ.၄။ ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)**




၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ်-ကော့ကရိတ်　　အရင်းအမြစ်ထိန်းချုပ်မှု　　ကျေးရွာ-ဂန်ကွတ်

အုပ်စု-~~ကော့ကိုင်~~ ဂန်ကွတ်　　ပြဇယား　　ရက်စွဲ -4.3.20

| အကြောင်းအရာ | ကျား | မ | ကျ+မ |
|---|---|---|---|
| ထွန်စက် | ✓ | | |
| စပါးခြွေစက် | ✓ | | |
| စပါးကြိတ်စက် | ✓ | | |
| ဆိုင်ကယ် | ✓ | | |
| ကား | ✓ | | |
| ဘောလုံးကွင်း | ✓ | | |
| ဈား | ✓ | | |
| အပ်ချုပ်စက် | | ✓ | |
| ဝင်ငွေ | | ✓ | |
| တီဗီ ၊ ထုန်း | | | ✓ |

ဦးဆောင်ဆွေးနွေးသူ - နန်းစန္ဒာစိုး

ပါဝင်ဆွေးနွေးသူ - ကျ (44) + မ (66) = 110

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)




၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| ရက်စွဲ | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၄.၃.၂၀၂၀ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုသော အရင်းအမြစ်မှာ လယ်၊ အင်း၊ ရော်ဘာခြံ နှင့်သစ်တောတို့ဖြစ်သည်။ အများအပြားရှိသော |

| | | |
|---|---|---|
| | | အရင်းအမြစ်မှု ရော်ဘာခြံ နှင့် လယ်တို့ဖြစ်သည်။ အနည်းငယ်သာရှိ သည့်အရင်းအမြစ်မှာ သစ်တော ဖြစ်သည်။ လွန်ခဲ့သော (၅)နှစ်ခန့်မှစ၍ မိုးရာသီတွင် လမ်းများပျက်စီးသဖြင့် သွားလာရေး ခက်ခဲသည်။ ကျေးရွာလူထုသည်အေးအတူပူအမျှ အတူတကွနေထိုင်ကြပါသည်။ **ကျေးရွာဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များမှာ လမ်း၊ တံတား၊ မီးလင်းရေး၊ ဆေးပေးခန်း နှင့် မွေးမြူရေးသင်တန်းတို့ဖြစ်သည်။** |
| ၄.၃.၂၀၂၀ | **ရာသီခွင်ပြ – ပြက္ခဒိန်** | အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်နှင့် ကျပန်းတို့ဖြစ်သည်။ အိမ်ထောင်စု ထက်ဝက်ကျော်သည် လယ်ယာလုပ်ငန်းလုပ်ကိုင် ကြသည်။ လယ်လုပ်ငန်းသည် တစ်နှစ်ပတ်လုံး ဝင်ငွေရလုပ်ငန်းမဟုတ်သဖြင့် အခြား အချိန်တွင် အင်ဥရှာ၊ ဖက်ကောက်၊ ဝဥတူးနှင့် သစ်သီး/နံ့ ရှာဖွေခြင်းဖြင့်ဝင်ငွေရှာကြသည်။ ဆင်းရဲသားနှင့် မသန်စွမ်းသူများသည် အင်ဥ ရှာ၊ ဖက်ကောက်နှင့် မျှစ်ချိုးခြင်း ဖြင့်ဝင်ငွေရှာ ကြရသည်။ တစ်နေ့ ပျမ်းမျှ လုပ်အားခမှာ ၅၀၀၀ကျပ်ဖြစ်သည်။ ဝင်ငွေ/ထွက်ငွေ မျှတမှု မရှိပဲ စားဝင်နေရေး ခက်ခဲချိန်တွင်မွေးမြူထားသောတိရိစ္ဆာန်များကို ရောင်းချခြင်းဖြင့်ဖြေရှင်းကြသည်။အမျိုးသမီးများ ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ မွေးမြူရေး၊ ဈေးဆိုင်နှင့်ကောက်စိုက်ခြင်း တို့ဖြစ်သည်။ အမျိုး သမီး အမျိုးသား လုပ်အားခ တန်းတူရရှိသည်။ |
| ၄.၃.၂၀၂၀ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | အဆင်မပြေသောအိမ်ထောင်စု(၆၃)စုရှိသည်။ ၎င်း အိမ်ထောင်စုတွင်အရင်းအနှီးမရှိခြင်း၊အလုပ်အကို င်နည်းခြင်းနှင့်ကလေးဦးရေများခြင်းကြောင့်ဖြစ် သည်။အဆင်မပြေသောအိမ်ထောင်စုများကို ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်ရန်စည်းရုံးရ မည်။ CDDစီမံကိန်းဖြင့်လုပ်ငန်းဆောင်ရွက်ပါက အဆင်မပြေသောအိမ်ထောင်စုများအတွက် အလုပ် အကိုင် ဖန်တီးပေးနိုင်ပြီး ဝင်ငွေများ ရရှိလာမည် ဖြစ် သောကြောင့် စားဝတ်နေရေးအဆင်ပြေမည်။ |

| | | |
|---|---|---|
| ၄.၃.၂၀၂၀ | ပင့်ကူအိမ် (ကျား-မရေးရာ) | အမျိုးသမီးများ၏ဆုံးဖြတ်ချက်ချမှတ်နိုင်မှုဦးဆောင်မှုအလုပ်အကိုင်အခွင့်အလမ်းနှင့် လုံခြုံမှုတို့တွင်အမျိုးသားများထက်နည်းသည်။အမျိုးသားများနှင့်ယှဉ်လျှင်အမျိုးသမီးများ၏စိန်ခေါ်မှုမှာ အတွေ့အကြုံမရှိခြင်းနှင့် ကြောက်စိတ်များကြောင့်ဖြစ်သည်။အမျိုးသ မီးများကို တန်းတူ အခွင့်အရေးပေးပြီး လက်တွဲ ခေါ်ပါက ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အကူအညီ ရနိုင်မည်။ |
| ၄.၃.၂၀၂၀ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | အမျိုးသမီးသီးသန့်အသုံးပြုသောအရင်းအမြစ်မှာအပ်ချုပ်စက်ဖြစ်သည်။အမျိုးသားသီးသန့်အသုံးပြုသောအရင်းအမြစ်မှာလက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊စပါးကြိတ်စက်နှင့်နွားတို့ဖြစ်သည်။ နှစ်ဦးစလုံးအသုံးပြုသောအရင်းအမြစ်မှာဆိုင်ကယ်၊ကား၊တော၊တီဗွီ၊ ဖုန်း၊ ဘောလုံးကွင်းတို့ဖြစ်သည်။ အမျိုးသမီးသီးသန့်ထိန်းချုပ်သောအရင်းအမြစ် မှာ အပ်ချုပ်စက်နှင့် ဝင်ငွေတို့ဖြစ်သည်။ အမျိုးသားသီးသန့်ထိန်းချုပ်သောအရင်းအမြစ်မှာ လက်တွန်းထွန်စက်၊ခြွေလှေ့စက်၊စပါးကြိတ်စက်၊နွား၊ဘောလုံးကွင်း၊ကားနှင့်ဆိုင်ကယ်တို့ဖြစ်သည်။ နှစ်ဦးစလုံးထိန်းချုပ်သော အရင်းအမြစ်မှာ တီဗွီနှင့်ဖုန်းတို့ဖြစ်သည်။ အကယ်၍ အမျိုးသားများ အသုံးပြုပြီး အမျိုးသမီးများ ထိန်းချုပ်လျှင် အဆင်မပြေမှု များဖြစ်ပေါ်လာနိုင်သည်။ |

| | | | |
|---|---|---|---|
| | ၄.၃.၂၀၂၀ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အုပ်ချုပ်ရေး အဖွဲ့မှ အဓိကဦးဆောင်သည်။ ဂေါပက၊ မိန်းမကြီး၊ အပျို/လူပျိုနှင့်သာရေး/နာရေးအဖွဲ့များသည် ဘာသာရေးနှင့်လူမှုရေးကိစ္စများကိုဆောင်ရွက် သည်။ အိုးသူကြီးအဖွဲ့၊ဂေါပကနှင့်အုပ်ချုပ်ရေး အဖွဲ့တို့တွင်အမျိုးသမီးများမပါဝင်ပါ။ကျောင်း ကော်မတီသည်ပညာရေးကိစ္စများကိုဆောင်ရွက် သည်။KWEGသည် စိုက်ပျိုးရေးနှင့်ငွေစု/ချေးလုပ် ငန်းများဆောင်ရွက်သည်။PhaseMသည်အရေး ပေါ် လူနာများအတွက် ထောက်ပံ့ကူညီပေးသည်။ CDD၏ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့သည်ကျေးရွာဖွံ့ဖြိ ုးရေး လုပ်ငန်းများကို အဓိကဦးဆောင် သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





၉။ ကျေးရွာကော်မတီဝင်စာရင်းများ

| စဉ် | အမည် | ကျား/မ | အသက် | မှတ်ပုံတင်နံပါတ် | ရာထူး |
|---|---|---|---|---|---|
| ၁ | ဦးတင်အုံး | ကျား | ၅၈ | - | နယက |
| ၂ | ဦးမောင်ဝင်း | ကျား | ၅၃ | ၃ကကရ/(နိုင်)၁၉၀၂၄၇ | ဥက္ကဌ |
| ၃ | ဒေါ်ကြည်လင်း | မ | ၆၅ | ၃/ကကရ(နိုင်၀၈၆၂၀၇( | ဝယ်ယူရေးဥက္ကဌ |
| ၄ | စောတေဇာလင်း | ကျား | ၅၀ | - | အတွင်းရေးမှူး |
| ၅ | ဦးကျော်စိန်လင်း | ကျား | ၃၇ | ၃/ ကကရ (နိုင်၂၇၆၈၄၂ | စာရင်းကိုင် |
| ၆ | ဒေါ်ခုအေး | မ | ၄၇ | ၃/ ကကရ (နိုင်)၁၄၁၄၉၄ | ဘဏ္ဍာရေးမှူး |
| ၇ | ဒေါ်မဝင်းသန်း | မ | ၅၁ | - | အဖွဲ့ဝင် |
| ၈ | ဦးအောင်ထွေး | ကျား | ၄၆ | - | အဖွဲ့ဝင် |

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>– ဦးမြခိုင် | ကျေးရွာခေါင်းဆောင် ဖုန်းနံပါတ်<br>၀၉-၆၇၅၂၀၄၈၅၄ | လူထုစည်းရုံးရေးမှူးအမည်<br>– နန်းစန္ဒာသင်း |

| | | | |
|---|---|---|---|
| ပြည်နယ်<br>– ကရင် | မြို့နယ်<br>– ကော့ကရိတ် | ကျေးရွာအုပ်စု<br>– ရန်ကုတ် | ကျေးရွာ<br>– ဆိပ်ဖူးကုန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)…ကရင်…. | ၁၇၄ | ဗုဒ္ဓ | ၁၇၄ |
| လူမျိုးစု (၂)……………………. | | | |
| လူမျိုးစု (၃)……………………. | | | |
| လူမျိုးစု (၄)……………………. | | | |
| အခြား ……………………….. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၁၀ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၄၅ |
| စစ်ဘေးရှောင် | ၀ |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)……ကရင်…. | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| လူမျိုးစု (၂)……………………. | | | |
| လူမျိုးစု (၃)……………………. | | | |
| လူမျိုးစု (၄)……………………. | | | |
| အခြား ……………………….. | | | |
| အိမ်ထောင်ဦးစီး | ၁၄၇ | ၂၇ | ၁၇၄ |

ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | √ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင် း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်း ဆရာ/မ | √ | √ | ဆရာဝန် | | | လက်သ မား | √ | |
| အလယ်တန်း ဆရာ/မ | | | ကျန်းမာ ရေးမှူး | | | ပန်းရံ | | |
| မူလတန်း ဆရာ/မ | | | ကျန်းမာရေး ဆရာမ | | | လျှပ်စစ် ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | √ | | သားဖွား ဆရာမ | √ | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်းမာရေး လုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ကျေးရွာတွင် ဖွံ့ဖြိုးရေး ---------- ရှိပါသည်/မရှိပါ/မသိပါ
စီမံချက်ရှိခဲ့ပါသလား?

၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?---------- (.....)/ မသိပါ

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား----------------------
ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။--------- (၅)မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၃၀မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား…..

မိုးရာသီကြာချိန် ၄၀မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား…..

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

…….မရှိပါ/ ……….ရှိပါသည်/ ရှိလျှင်ဖော်ပြပါ ……………………………..

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင်
ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ
ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) ---Phase-M ကျန်းမာရေး--- (၂) ---ငွေစု/ချေးအဖွဲ့--- (၃) ---ကျောင်းကော်မတီ---

(၄) --အိုးသူကြီးအဖွဲ့--- (၅) ---မိန်းမကြီးအဖွဲ့--- (၆) ---အပျို/လူပျိုအဖွဲ့---

(၇) ---သာရေး/နာရေးအဖွဲ့--- (၈) ---ဂေါပကအဖွဲ့--- (၇) ---အုပ်ချုပ်ရေး---

(ဈ) ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

……….မရှိပါ။ ………..ရှိပါသည်။

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – နန်းစန္ဒာသင်း / နန်းစန္ဒာစိုး | | | |
|---|---|---|---|
| နေ့စွဲ – ၄.၃.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..)<br>စက်ဝန်း ၃ (.√.)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ် – ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ရန်ကုတ် | ကျေးရွာ – ဆိပ်ဖူးကုန်း |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ

အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ကလေးများ ကျောင်းသွားခြင်းနှင့် အရေးပေါ်သွားလာရာတွင် အချိန်နှောင့်နှေးခြင်း။ | ကျား … | မ…. | ကျား+မ √ |
| စာသင်ကျောင်းအခင်းနှင့်အမိုးမကောင်းသဖြင့် ကလေးများ ပညာသင်ကြားရာတွင် လုံခြုံမှုမရှိခြင်း။ | ကျား √ | မ…. | ကျား+မ … |
| လျှပ်စစ်မီးမရှိသဖြင့်ချက်ပြုတ်ရာတွင်ထင်းကိုသာအသုံးပြုကြသဖြင့်သစ်တောပြုန်းတီးလာခြင်း။ | ကျား … | မ…. | ကျား+မ √ |
| နွေရာသီတွင်သောက်သုံးရေရှာပါးခြင်း။ | ကျား … | မ…. | ကျား+မ √ |
| အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် ဝင်ငွေနည်းခြင်း။ | ကျား … | မ…. | ကျား+မ √ |
| ကျန်းမာရေးအသိပညာနည်းသောကြောင့် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များ ရောဂါကာကွယ်နိုင်မှုအားနည်းခြင်း။ | ကျား … | မ √ | ကျား+မ … |
| မူကြိုးကျောင်းဟောင်းနွမ်းယိုယွင်းနေသဖြင့် ကလေးငယ်များအတွက် အန္တရာယ်ရှိခြင်း | ကျား … | မ √ | ကျား+မ … |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော မျှော်မှန်းချက်များ | | | |
|---|---|---|---|
| လမ်းများကောင်းမွန်လာပါက ကလေးများကျောင်းသွားခြင်းနှင့် အရေးပေါ်သွားလာရေးတို့တွင် အဆင်ပြေမည်။ | ကျား … | မ…. | ကျား+မ √ |
| စာသင်ကျောင်းကောင်းမွန်လာပါက ကလေးများလုံခြုံစိတ်ချစွာပညာသင်ကြားနိုင်မည်။ | ကျား √ | မ…. | ကျား+မ … |
| လျှပ်စစ်မီးရရှိလာပါက သစ်တောပြုန်းတီးမှုလျော့နည်းလာမည်။ ကလေးများစာဖတ်ရန်အဆင်ပြေမည်။ | ကျား … | မ…. | ကျား+မ √ |
| သောက်သုံးရေလုံလောက်စွာရရှိလာပါက ရေခပ်ရအချိန်ကုန်သက်သာမည်။ ဝင်ငွေတိုးလာမည်။ | ကျား … | မ…. | ကျား+မ √ |
| အလုပ်အကိုင်များူရရှိလာပါက မိသားစုဝင်ငွေတိုးလာမည်။ ကလေးများပညာပိုမိုသင်ကြားလာနိုင်မည်။ | ကျား … | မ…. | ကျား+မ √ |
| ကျန်းမာရေးအသိပညာများတိုးတက်လာပါက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ အသက်ဆုံးရှုံးမှုလျော့ | ကျား … | မ √ | ကျား+မ … |

| | | | |
|---|---|---|---|
| နည်းလာမည်။ ရောဂါဖြစ်ပွားမှုကိုလျော့ချလာနိုင်မည်။ | | | |
| မူကြိုကျောင်းကောင်းမွန်လာပါက ကလေးငယ်များလုံခြုံစွာ ပညာသင်ကြားနိုင်မည်။ | ကျား … | မ √ | ကျား+မ … |

## ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| အဆင့် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန်ကျ စရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းလမ်း ကွန်ကရစ် | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၈၄၅၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၂ | လျှပ်စစ်မီးတိုင်နှင့်မီးကြိုးသွယ်တန်းခြင်း။ | ကျား+မ | မီးလင်းရေး | ၃၇၀၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၃ | ရွာချင်းဆက် ဂဝံမြေသားလမ်း (နဘူး) | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၉၅၀၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၄ | ရွာတွင်း ကွန်ကရစ် တံတား | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၃၀၀၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၅ | အဝီစိတွင်းနှင့်ရေလှော်ကန် | ကျား+မ | ရေရရှိရေး | ၈၅၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၆ | ကျောင်းဆောင် တိုးချဲ့ (မူလတန်း) | ကျား | ပညာရေး | ၁၀၀၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၇ | ကျောင်းဆောင်တိုးချဲ့ (မူကြို) | ကျား+မ | ပညာရေး | ၂၇၀၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |
| ၈ | ရွာချင်းဆက် ဂဝံမြေသား (ကမ္ဘရာ) | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၃၃၅၀၀၀၀၀ | ၅၉၄ | ၅၃၂ | ၁၁၂၆ |

| အဆင့် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကျောင်းသင်တန်း (စက်ချုပ်၊ အလှပြင်၊ ဝပ်ရှော့) | ကျား+မ | အသက်မွေးဝမ်းကျောင်း |
| ၂ | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပံ့ပိုးကူညီခြင်း။ | မ | ကျန်းမာရေး |
| | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအုပ်စု | = | ရန်ကုတ်အုပ်စု |
| ကျေးရွာ | = | ဆိပ်ဖူးကုန်းကျေးရွာ |
| တက်ရောက်သူဦးရေ | = | ကျား(၃၅)+မ(၅၀)=(၈၅)ဦး |
| နေ့စွဲ | = | ၈.၇.၂၀၂၂ |
| နေရာ | = | ဘုန်းကြီးကျောင်း |
| အစည်းအဝေးခေါင်းစဉ် | = | (ပထမ/ဒုတိယ)အကြိမ်အစည်းအဝေး |

ဆွေးနွေးသည့်အကြောင်းအရာ။ စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ပြန်လည်ဆွေးနွေး ပြောပြခြင်း

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီ စီမံကိန်းဝန်ထမ်းမှ စီမံကိန်းအကြောင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုအားအုပ်စု (၂)စုခွဲပြီး ကျေးရွာမြေပုံ၊ ပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်၊ ယင်းပုံစံများကို အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ မျှော်မှန်းချက်နှင့် ဦးစားပေး အချက်အခဲများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ကျေးရွာလူထု၏ အခက်အခဲများကို ဖော်ထုတ်ပြီး ပြဿနာသစ်ပင်ရေးဆွဲခြင်း၊ ဝေဖန်အကြံပြုတိုင်ကြားရေးစနစ် အကြောင်း၊ ကျား/မ ကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီများ ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းနှင့် ရည်ရွယ်ချက် များကို ကျေးရွာလူထု များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းပြီးနောက် ကျေးရွာလူထုအား အဖွဲ့(၂)ဖွဲ့ခွဲပြီး PRA Tools ပုံစံများကို အားလုံးပူးပေါင်း ပါဝင်၍ ပူးတွဲပါ မှတ်တမ်းများ နှင့်တကွ သဘောတူရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ပြုလုပ်သည့်အရာများ ၁။ ကျေးရွာမြေပုံရေးဆွဲခြင်း

၂။ ရာသီခွင်ပြဇယား

၃။ အဖွဲ့အစည်းချိတ်ဆက်မှု

၄။ ဥစ္စာခနေကြွယ်ဝမှုပြဇယား

၅။ ကျား/မပိုင်ဆိုင်မှုပြဇယား

၆။ ပင့်ကူအိမ်ပြဇယား စသည်တို့ကို ရေးဆွဲခဲ့ပါသည်။

ထို့နောက် ကျေးရွာ၏အခက်အခဲကို ပုံစံ(၃)တွင် ဖြည့်သွင်းခဲ့ပါသည်။အခက်အခဲတစ်ခုကို အခြေခံပြီး ပြသနာသစ်ပင်ကိုရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် ပြသနာသစ်ပင်မခက်အခဲများ၏ အကျိုးဆက် နှင့် ရလဒ်များကို ကျေးရွာလူထုများ ပါဝင်ဆွေးနွေးခဲ့ပါသည်။ပြသနာသစ်ပင်ရေးဆွဲပြီးနောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်း ခဲ့ပါသည်။

မှတ်တမ်းတင်သူ

မိခိုင်သဇင်မွန်၊ အင်/ယာ-၃

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | စီမံချက်အမည် | အတိုင်းအတာ/ ကြိမ်ရေ/ဦးရေ | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း( | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ရန်ကုတ် | ဆိပ်ဖူးကုန်း | လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း | 401 V ဓါတ်အားလိုင်း(2000 ပေ) | ၂၀.၇၅၄ | ၂၀၂၂-၂၀၂၃VDP |
| | | | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | | | |
| | | | ရွာချင်းဆက် ဂဝံမြေသားလမ်း (နဘူး) | | | |
| | | | ရွာတွင်းကွန်ကရစ် တံတား | | | |
| | | | အဝီစိတွင်းနှင့်ရေ လှောင်ကန်<br>ကျောင်းဆောင် တိုးချဲ့<br>(မူလတန်း)<br>ကျောင်းဆောင်တိုးချဲ့ (မူကြို)<br>ရွာချင်းဆက် ဂဝံမြေသား (ကမ္မရာ) | | | |